## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ကောင်စီ

## ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဆောင်ရွက်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ

**[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄]**

**ရန်ကုန်မြို့၊ ၁၃၃၆ ခု၊ တပေါင်းလဆန်း ၁၃ ရက်။**

**( ၁၉၇၅ ခု၊ မတ်လ ၂၄ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ အနှစ် (၂၀) နှစ်ရှည်စီမံကိန်းနှင့် ဒုတိယလေးနှစ်စီမံကိန်း လမ်းညွှန်မှုများတွင်ပါရှိသည့် ရည်မှန်းချက်နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၇၄-၇၅မှ ၁၉၇၇-၇၈) တို့၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၅ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှုရည်မှန်းချက်များ ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေး နှစ်အတွက် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

### အခန်း (၂)

### စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော ဒုတိယလေး နှစ်စီမံကိန်း၏ လမ်းညွှန်မှုများနှင့် အညီ ပြန်လည်ရေးဆွဲထားသည့် ဒုတိယလေးနှစ်စီမံကိန်း၏ ဒုတိယ နှစ်ဖြစ်သော ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် ယင်းကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက် အကောင်အထည်ဖော်ကြရမည်။

----- Footnote -----

[ပင်ရင်း- ၅.၄.၁၉၇၅ ရက်နေ့ထုတ် ပြန်တမ်းမှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏
ထုတ်လုပ်မှုနှင့်ဆောင်ရွက်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ၏ နောက်ဆက်တွဲဇယား

Myanmar Law Information System (MLIS)